## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် ၂၆၇/ ၂၀၁၉**

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီသည် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ ပုဒ်မ ၄၄ ပုဒ်မခွဲ (ခ) တွင် အပ်နှင်းသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထားသောအခကြေးငွေများကို သိရှိလိုက်နာနိုင်ရန် **အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေးရရှိရန် လျှောက်ထားသူကပေးဆောင်ရမည့် အခကြေးငွေဆိုင်ရာအမိန့်ကြော်ငြာစာ**ကို ထုတ်ပြန်လိုက်သည်-

(၁) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးအတွက် အပင်မျိုးသစ်အား ကာကွယ်ခွင့် လျှောက်ထားခြင်း၊ သီးနှံအမျိုးအစားအလိုက် အပင်မျိုးသစ် ဟုတ်၊ မဟုတ် စစ်ဆေးခြင်းများနှင့်သက်ဆိုင်သည့် အခကြေးငွေများကို ပူးတွဲပုံစံ (၁) ပါအတိုင်း ပေးဆောင်ရမည်။

(၂) အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေးရရှိပြီးနောက် ဆက်လက်ထိန်းသိမ်းရန် ပေးဆောင်ရမည့် အခကြေးငွေများကို ပူးတွဲပုံစံ (၃) ပါ သီးနှံအမျိုးအစားကို မှီတည်၍ ပုံစံ (၂) ပါအတိုင်း ပေးဆောင်ရမည်။

ဥက္ကဋ္ဌ
အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ

စာအမှတ်၊ PVP /၂၀၁၈-၂၀၁၉ / ၁၉၀၆
ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ ဇွန်လ (၂၈) ရက်
ဖြန့်ဝေခြင်း
ပြည်ထဲရေးဝန်ကြီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီဝင်များအားလုံး
ဤဝန်ကြီးဌာနရှိဦးစီးဌာနအားလုံးနှင့်တက္ကသိုလ်များ
အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာနည်းပညာကော်မတီဝင်များ
တိုင်းဒေသကြီး/ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးများ
တိုင်းဒေသကြီး/ပြည်နယ်စိုက်ပျိုးရေးမျိုးစေ့တာဝန်ခံများ

အမိန့်အရ

(နိုင်ကြည်ဝင်း)
အတွင်းရေးမှူး
အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ

ပုံစံ ( ၁ )

**အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်အား ကာကွယ်ခွင့် လျှောက်ထားခြင်းနှင့် အပင်မျိုးသစ် ဟုတ်၊ မဟုတ် စစ်ဆေးခြင်းများဆောင်ရွက်ရန်အတွက် ပေးဆောင်ရမည့်အခကြေးငွေများ**

| စဉ် | အကြောင်းအရာ | သင့်ငွေ **(US$)** | မှတ်ချက် |
|---|---|---|---|
| ၁ | မှတ်ပုံတင်ကြေး(Registration) | 50 | |
| ၂ | လျှောက်ထားစဉ်ပေးသွင်းရမည့်ပမာဏ Application Fee | 30 | |
| ၃ | စမ်းသပ်ကွက်ဆောင်ရွက်ရန်လျှောက်ထားခ (Application for demanding of trial) | 83 | |
| ၄ | မျိုးသစ် ဟုတ်၊ မဟုတ် စစ်ဆေးခ (Examination Fee)<br>- စာရွက်စာတမ်းကြေး(Documentation)<br>- ထူးခြားမှု၊ ညီညာမှု၊ တည်ငြိမ်မှု ရှိ/ မရှိ စစ်ဆေးခြင်း(DUS Testing) | <br>45<br>500 | |
| ၅ | ဦးစားပေးတောင်းဆိုရာတွင် လျှောက်ထားစဉ်ပေးသွင်းရမည့် ပမာဏ(Application for Priority claiming) | 20 | |
| ၆ | အများပြည်သူသိရှိရန်အတွက် ထုတ်ပြန်ရာတွင် ပေးဆောင်ရမည့် အခကြေးငွေ (Publication of the application for public inspection) | 100 | |
| ၇ | အကြောင်းတစ်စုံတစ်ရာကြောင့် စမ်းသပ်ကွက် ပြန်လည်ဆောင်ရွက်ရန် တောင်းဆိုခြင်းအတွက် ပေးသွင်းရမည့်ပမာဏ (Demand for retrial) | 250 | |
| ၈ | အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း (Issue)<br>-Electronic file ဖြင့် ထုတ်ပေးခြင်း(Issue by electronically)<br>-စာရွက်စာတမ်းဖြင့် ထုတ်ပေးခြင်း(Issue by document) | <br>5<br>10 | |

မှတ်ချက်။ (၁) ပေးဆောင်ချိန်တွင် အမေရိကန်ဒေါ်လာနှင့် တန်ဖိုးတူညီသော မြန်မာကျပ်ငွေဖြင့် ပေးဆောင်စေရမည်။

ပုံစံ (၂)

## အပင်မျိုးသစ်အားကာကွယ်သည့် အခွင့်အရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရရှိပြီး နောက် ဆက်လက်ထိန်းသိမ်းရန် ပေးဆောင်ရမည့်အခကြေးငွေများ

| **အသိအမှတ်ပြုလက်မှတ်ရရှိပြီးနောက်နှစ်များ** | **နှစ်စဉ်ကြေး (US$)** | | |
|---|---|---|---|
| | အုပ်စု (၁) | အုပ်စု (၂) | အုပ်စု (၃) |
| (၂) နှစ်မှ (၅) နှစ် | ၁၅၀ | ၇၀ | ၇၀ |
| (၆) နှစ်မှ (၁၀) နှစ် | ၂၀၀ | ၁၀၀ | ၁၀၀ |
| (၁၁) နှစ်မှ (၁၅) နှစ် | ၃၀၀ | ၁၂၀ | ၁၂၀ |
| (၁၆) နှစ်မှ (၂၀) နှစ် | ၄၀၀ | ၂၀၀ | ၂၀၀ |
| (၂၁) နှစ်မှ (၂၅) နှစ် | ၅၀၀ | ၃၀၀ | ၃၀၀ |

## နှစ်စဉ်ကြေးပေးဆောင်ရန်အတွက်အုပ်စုအလိုက်ပါဝင်သည့်သီးနှံများ

| **အုပ်စု (၁)**<br>**ဟင်းသီးဟင်းရွက်နှင့်**<br>**သစ်သီးဝလံ၊ ပန်းမာန်အုပ်စု** | **အုပ်စု (၂)**<br>**နှံစား၊ ဆီထွက်၊ ပဲမျိုးစုံနှင့်**<br>**စက်မှုကုန်ကြမ်းသီးနှံအုပ်စု** | **အုပ်စု (၃)**<br>**နှစ်ရှည်ပင်၊ နွယ်ပင်များနှင့်**<br>**သစ်တောသစ်ပင်များနှင့်**<br>**မြက်မျိုးရင်းဝင်များ** |
|---|---|---|
| **ဥပမာ -**<br>ခါကျက်ဥ၊ မုန်လာဥ၊ မုန်ညှင်းရွက်၊ မုန်ညှင်းမုန်လာထုပ်၊ ဆလပ်၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ အာလူး၊ ဘူး၊ ရွှေဖရုံ၊ သခွား၊ ဖရဲ၊ သခွားမွှေး၊ ကြက်ဟင်းခါး၊ ရုံးပတီ၊ ပဲတိုင်ထောင်၊ မာလကာ၊ သစ်တော်၊ ကီဝီ၊ နှင်းဆီ၊ ဂန္ဓမာ၊ လီလီ၊ နှင်းပန်း၊ သစ်ခွ၊ ကျူးလစ်၊ ကာနေးရှင်း | **ဥပမာ -**<br>စပါး၊ ပြောင်း၊ ဂျုံ၊ မြင်းစားဂျုံ၊ မုယောစပါး၊ လူး၊ ဆတ်၊ ပဲတီစိမ်း၊ မတ်ပဲ၊ ကုလားပဲ၊ ပဲပုပ်၊ ပဲလွမ်း၊ ဟင်းစားပဲပုပ်၊ စားတော်ပဲ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီမုံညှင်း၊ ပန်းနှမ်း၊ ကြံ၊ ဝါ၊ ဂုန်လျှော်၊ ချဉ်ပေါင်လျှော်၊ ပီလောပီနံ | **ဥပမာ -**<br>နဂါးမောက်၊သရက်၊စပျစ်၊ ဆီအုန်း၊ရာဘာ၊ကော်ဖီ၊လက်ဖက်၊ကြယ်ပဲ၊ဒူးရင်း၊ကျွဲကော၊မြက်မျိုးရင်းဝင်များ |